အထူးကာလစည်းကမ်းသတ်ဥပဒေ

(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၉/၈၈)
၁၃၅၀ ပြည့်နှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက်
(၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးကာလစည်းကမ်းသတ်ဥပဒေဟု ခေါ်တွင်စေရမည်၊

၂။ တရားရုံးများသည် ကာလစည်းကမ်းသတ် အက်ဥပဒေပုဒ်မ ၄ ၏ အနက်အဓိပ္ပယ်အရ ၁၉၈၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ ၁၉၈၉ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့ထိ ပိတ်ပင်ထားသည်ဟု မှတ်ယူရမည်။